# သင့်ကျန်းမာရေး စောင့်ရှောက်မှု မည်မျှကုန်ကျမည်ကို ရှင်းပြထားသည့် "ခန့်မှန်းကုန်ကျစရိတ် ဖော်ပြချက် စာရွက်စာတမ်း" ကို သင်ရရှိပိုင်ခွင့်ရှိသည်

**ဥပဒေအရ ကျန်းမာရေး စောင့်ရှောက်မှုပေးသူများသည် အချို့သော ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ အာမခံဝန်ဆောင်မှု အမျိုးအစားများ မရှိသော သို့မဟုတ် အချို့သော ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ အာမခံဝန်ဆောင်မှု အမျိုးအစားများကို အသုံးမပြုသော လူနာများအား ကျန်းမာရေး စောင့်ရှောက်မှု ပစ္စည်းများနှင့် ဝန်ဆောင်မှုများ ပံ့ပိုးမပေးမီ အဆိုပါ ပစ္စည်းများနှင့် ဝန်ဆောင်မှုများအတွက် ၎င်းတို့၏ ခန့်မှန်း ကျသင့်ငွေတောင်းခံလွှာ တစ်စောင်ကို ပေးရန် လိုအပ်ပါသည်။**

- ကျန်းမာရေး စောင့်ရှောက်မှု ပစ္စည်းများ သို့မဟုတ် ဝန်ဆောင်မှုများကို တောင်းဆိုသည့်အခါ သို့မဟုတ် ရယူရန် စီစဉ်သည့်အခါ အဆိုပါ ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု မှန်သမျှ၏ စုစုပေါင်း မျှော်မှန်းကုန်ကျစရိတ်အတွက် ခန့်မှန်းကုန်ကျစရိတ် ဖော်ပြချက် စာရွက်စာတမ်းကို သင်ရရှိပိုင်ခွင့်ရှိသည်။ ၎င်းတွင် ဆေးစစ်မှုများ၊ ဆရာဝန်ညွှန်းပေးသည့် ဆေးဝါးများ၊ ပစ္စည်းကိရိယာများကဲ့သို့သော ဆက်စပ်ကုန်ကျစရိတ်များနှင့် ဆေးရုံစရိတ်များ ပါဝင်သည်။
- အကယ်၍ သင်သည် ကျန်းမာရေး စောင့်ရှောက်မှု ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို ရယူရန် အနည်းဆုံး အလုပ်ဖွင့်ရက်သုံးရက် ကြိုတင်၍ စီစဉ်ပါက သင့်ကျန်းမာရေး စောင့်ရှောက်မှုပေးသူ သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် ဌာနသည် ထိုသို့စီစဉ်ပြီးနောက် အလုပ်ဖွင့်ရက် တစ်ရက်အတွင်း စာဖြင့်ရေးသားထားသော ခန့်မှန်းကုန်ကျစရိတ် ဖော်ပြချက် စာရွက်စာတမ်းကို သင့်အား ပေးအပ်ရပါမည်။ အကယ်၍ သင်သည် ကျန်းမာရေး စောင့်ရှောက်မှု ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို ရယူရန် အနည်းဆုံး အလုပ်ဖွင့်ရက် 10 ရက် ကြိုတင်၍ စီစဉ်ပါက သင့်ကျန်းမာရေး စောင့်ရှောက်မှုပေးသူ သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် ဌာနသည် ထိုသို့စီစဉ်ပြီးနောက် အလုပ်ဖွင့်ရက် သုံးရက်အတွင်း စာဖြင့်ရေးသားထားသော ခန့်မှန်းကုန်ကျစရိတ် ဖော်ပြချက် စာရွက်စာတမ်းကို သင့်အား ပေးအပ်ရပါမည်။ ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို ရယူရန် မစီစဉ်မီတွင်လည်း သင့်ကျန်းမာရေး စောင့်ရှောက်မှုပေးသူ သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် ဌာန တစ်ခုခုအား ခန့်မှန်းကုန်ကျစရိတ် ဖော်ပြချက် စာရွက်စာတမ်းကို ပေးအပ်ရန် တောင်းဆိုနိုင်ပါသည်။ အကယ်၍ သင်တောင်းဆိုပါက ကျန်းမာရေး စောင့်ရှောက်မှုပေးသူ သို့မဟုတ် ကျန်းမာရေး စောင့်ရှောက်မှုပေးသည့် ဌာနသည် သင်တောင်းဆိုပြီးနောက် အလုပ်ဖွင့်ရက် သုံးရက်အတွင်း စာဖြင့်ရေးသားထားသော ခန့်မှန်းကုန်ကျစရိတ် ဖော်ပြချက် စာရွက်စာတမ်းကို သင့်အား ပေးအပ်ရပါမည်။
- ကျန်းမာရေး စောင့်ရှောက်မှုပေးသူ သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် ဌာန တစ်ခုခုအတွက် သင်၏ ခန့်မှန်းကုန်ကျစရိတ် ဖော်ပြချက် စာရွက်စာတမ်းတွင် ဖော်ပြထားသည့်ပမာဏထက် အနည်းဆုံး $400 ပိုသော ကျသင့်ငွေတောင်းခံလွှာကို အဆိုပါ ကျန်းမာရေး စောင့်ရှောက်မှုပေးသူ သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် ဌာနထံမှ လက်ခံရရှိပါက သင်သည် ထိုကျသင့်ငွေတောင်းခံလွှာကို စောဒကတက်နိုင်သည်။
- သင်၏ ခန့်မှန်းကုန်ကျစရိတ် ဖော်ပြချက် စာရွက်စာတမ်းနှင့် ကျသင့်ငွေတောင်းခံလွှာ မိတ္တူ သို့မဟုတ် ၎င်း၏ပုံကို သိမ်းဆည်းထားရမည်။

ခန့်မှန်းကုန်ကျစရိတ် ဖော်ပြချက် စာရွက်စာတမ်းကို ရရှိပိုင်ခွင့်နှင့် ပတ်သက်၍ မေးစရာများရှိပါက သို့မဟုတ် နောက်ထပ်အချက်အလက်များကို သိလိုပါက **cms.gov/nosurprises/consumers** ကို ဝင်ရောက်ကြည့်ရှုပါ၊ **FederalPPDRQuestions@cms.hhs.gov** သို့ အီးမေးလ်ပေးပို့ပါ သို့မဟုတ် **800.985.3059** သို ဖုန်းခေါ်ဆိုပါ။

စာရင်းအပြည့်အစုံအတွက် သင့်ကျန်းမာရေး စောင့်ရှောက်ပေးသူထံမှ လက်ကမ်းစာစောင်တစ်စောင်ကို တောင်းခံပါ သို့မဟုတ် **corewellhealth.org/policies** သို့ သွားရောက်ပါ

Corewell Health © 10.2023